ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ပညာရေးဝန်ကြီးဌာန

ကြေညာချက်အမှတ်(၃၅/၂၀၂၁)

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်

# ကြားကာလ အခြေခံပညာရေး စစ်ဆေးအကဲဖြတ်ခြင်း ဆိုင်ရာထုတ်ပြန်ကြေညာချက်

၁။ နိုင်ငံတော်အရေးပေါ်အခြေအနေတွင် အခြေခံပညာအဆင့် သင်ကြားသင်ယူရေးအတွက် ပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်နေကြသော မိဘအုပ်ထိန်းသူများနှင့် ဆရာ၊ဆရာမများက ကျောင်းသား၊ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုကို စနစ်တကျနှင့် လွယ်ကူစွာ စစ်ဆေးအကဲဖြတ်နိုင်ရေး အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ ထုတ်ပြန်ခြင်းဖြစ်ပါသည်။

၂။ ထိုသို့စစ်ဆေးအကဲဖြတ်ခြင်းဖြင့် တွေ့ရှိလာသည့်ရလဒ်များသည် ကျောင်းသား၊ကျောင်းသူများ၏ သင်ယူမှုများကို ပိုမိုကောင်းမွန်အောင် ပံ့ပိုးပေးရာတွင် ကောင်းစွာအထောက်အကူပြုပေးနိုင်မည် ဖြစ်ပါသည်။

၃။ ပုံမှန်အားဖြင့် အခြေခံပညာကျောင်းများတွင် စစ်ဆေးအကဲဖြတ်ခြင်းကို အမျိုးသားပညာရည် စစ်ဆေးအကဲဖြတ်ခြင်းမူဝါဒ (National Assessment Policy - NAP) နှင့် အမျိုးသားပညာရည် စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းလမ်းညွှန်ချက်များ (National Assessment Guidelines - NAG) အရ ဆရာ၊ဆရာမများက အဓိက ဆောင်ရွက်ပါသည်။

၄။ လက်ရှိနိုင်ငံတော်အရေးပေါ်အခြေအနေကာလအတွင်း ကျောင်းသား၊ကျောင်းသူများ၏ သင်ယူမှု လုပ်ငန်းနှင့် တတ်မြောက်မှု စစ်ဆေးအကဲဖြတ်ခြင်းကို ၎င်းတို့၏ အသက်အရွယ်နှင့် အတန်းတို့ အပေါ်မူတည်ပြီး သင့်လျော်သော နည်းလမ်းအမျိုးမျိုးကို မိဘအုပ်ထိန်းသူများနှင့် ဆရာ၊ဆရာမ များက အသုံးပြု၍ ဆောင်ရွက်ကြရမည် ဖြစ်သည်။

၅။ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းကို "သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း" (Formative Assessment) နှင့် "သင်ယူအပြီးစစ်ဆေးအကဲဖြတ်ခြင်း" (Summative Assessment) နည်းလမ်းနှစ်မျိုးဖြင့် ဆောင်ရွက်နိုင်ပါသည်။ သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း (Formative Assessment)သည် ကျောင်းသား၊ကျောင်းသူများ သင်ယူနေစဉ်အတွင်း

သင်ယူမှုတိုးတက်အောင် ပံ့ပိုးပေးရန် ရည်ရွယ်ဆောင်ရွက်ပါသည်။ သင်ယူအပြီးစစ်ဆေးအကဲဖြတ်ခြင်း (Summative Assessment)သည် သင်ကြားသင်ယူမှု မည်မျှပေါက်မြောက်သည်ကို ပြန်လည်ဆန်းစစ်ရန် ရည်ရွယ်ပါသည်။

၆။ မိဘအုပ်ထိန်းသူများနှင့် ဆရာ၊ဆရာမများအနေဖြင့် ယခုနှစ်တွင် စနစ်သစ်သူငယ်တန်း (KG) မှ ဒသမတန်းအထိ ကျောင်းသား၊ကျောင်းသူများ၏ သင်ယူမှုကို “သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း (Formative Assessment)” ကို အဓိကထားအသုံးပြု၍ သင်ယူမှုများကို စဉ်ဆက်မပြတ် စစ်ဆေးအကဲဖြတ်၍ တိုးတက်ကောင်းမွန်အောင် ပံ့ပိုးပေးထားရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

၇။ ထိုသို့ ပံ့ပိုးပေးထားခြင်းဖြင့် ပြည်သူ့အစိုးရမှ ကျောင်းများပြန်လည် ဖွင့်လှစ်သည့်အချိန်တွင် ကျောင်းသား၊ ကျောင်းသူများအားလုံးသည် အသက်အရွယ်၊ သင်ယူတတ်မြောက်မှုနှင့် ကိုက်ညီသော အတန်းများတွင် အဆင်ပြေစွာ တက်ရောက် သင်ယူနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ နိုင်ငံတော်အဆင့် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲများကို ကျင်းပပေးနိုင်သော အခြေအနေရောက်သည့် အချိန်တွင် ကျင်းပပေးသွားပါမည်။

၈။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အနာဂတ်နိုင်ငံတော်အတွက် အလွန် တန်ဖိုးရှိလှသော ကျောင်းသား၊ ကျောင်းသူ၊ ကလေးငယ်များ၏ ပညာသင်ကြားခွင့် (Children’s Right to Education) ရရှိစေရေးကို ဦးတည်၍ ကြားကာလပညာရေးအဖြစ် နေအိမ်အခြေပြုသင်ယူခြင်း (Home-Based Learning) အစီအစဉ်ကို Moodle, Facebook, Telegram, Viber, YouTube စသည့် Learning Channels များ ဖွင့်လှစ်၍ စဉ်ဆက်မပြတ် ထုတ်လွှင့်ပေးလျက် ရှိပါသည်။

၉။ နေအိမ်အခြေပြုသင်ယူခြင်း (Home-Based Learning) အစီအစဉ်သည် အရေးပေါ်ကာလ၊ ကျောင်းများ မဖွင့်လှစ်နိုင်သော အခြေအနေများတွင် ကလေးများအနေဖြင့် ပညာသင်ယူခွင့် မဆုံးရှုံးစေရန်၊ သင်ယူတတ်မြောက်ထားသည်များကို ပိုမိုနားလည်သဘောပေါက်စေရန်နှင့် ပညာဆက်လက်သင်ယူနိုင်စေရန်အတွက် ဆောင်ရွက်ပေးသည့် ကြားကာလပညာရေး အစီအစဉ်တစ်ရပ် ဖြစ်ပါသည်။

၁၀။ ကြားကာလအလွန် ပြည်သူ့အစိုးရ၏ ဖက်ဒရယ်ဒီမိုကရေစီ ပညာရေးယန္တရား စတင်ချိန်တွင် ကလေးများ၏ အသက်အရွယ်၊ သင်ယူတတ်မြောက်မှုအတိုင်းအတာနှင့် အတန်းအဆင့်တက် သင်ယူ နိုင်ရေးတို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အနာဂတ်မြန်မာ့ပညာရေးကို နိုင်ငံတကာအဆင့်မီ စေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၁၁။ ကျောင်းသား၊ကျောင်းသူအားလုံး၏ အတန်းအလိုက်၊ ဘာသာရပ်အလိုက် ကျွမ်းကျင်တတ်မြောက်မှုများ (Skills and Competencies) ကို ပြန်လည်ဆန်းစစ်အကဲဖြတ်၍ ထိုရလဒ်အပေါ်အခြေခံပြီး တက်ရောက်ရမည့် အတန်းအတွက် သင်ယူမှုအဆင်သင့်ဖြစ်စေရန်နှင့် သင်ယူတတ်မြောက်မှု အတိုင်းအတာအလိုက် အခွင့်အရေး ညီမျှစွာရရှိစေရန် လိုအပ်သည့် ပံ့ပိုးသင်ကြားမှုများ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၁၂။ မိဘပြည်သူများနှင့် ကျောင်းသား၊ကျောင်းသူများသို့ ကြားကာလပညာရေးအစီအစဉ်များ အသိပေး ကြေညာခြင်း၊ အကြံဉာဏ်ရယူ၍ ပြင်ဆင်ခြင်းများကို Blue mark အမှတ်အသား ပါရှိသည့် Ministry of Education, National Unity Government of Myanmar နှင့် Myanmar Basic Education Home (Facebook Page, YouTube, Viber, Telegram, Moodle Platform) များတွင် စဉ်ဆက်မပြတ် ဆက်လက်ထုတ်ပြန် ကြေညာပေးသွားမည် ဖြစ်ပါသည်။ အင်တာနက်မရရှိသော ဒေသများသို့လည်း ပညာရေးအစီအစဉ်များ ရောက်ရှိနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၁၃။ ကူးစက်ရောဂါ ဘေးအန္တရာယ်များနှင့် စစ်ကောင်စီ၏ အကြမ်းဖက် ရက်စက်ကြမ်းကြုတ်မှုများကြောင့် ဖြစ်ပေါ်နေသည့် မလုံခြုံမှု ဘေးအန္တရာယ်များအတွင်း ကျောင်းသား၊ကျောင်းသူများ ကျောင်းမတက် ရသဖြင့် အတန်းတင်၊ အတန်းတက်ခြင်းများ နောက်ကျမည်ကို စိုးရိမ်ပူပန်ရန်မလိုပါ။ လက်လှမ်းမီသမျှ အရည်အသွေးရှိသည့် လုံခြုံဘေးကင်းသော ပညာသင်ယူခြင်း အစီအစဉ်များတွင် ပါဝင်သင်ယူထားရန်လိုအပ်ပါသည်။ ကျောင်းသား၊ ကျောင်းသူများ စာနှင့်ဝေးကွာမသွားဘဲ သင်ယူခြင်း လုပ်ငန်းများတွင် ပျော်ပျော်ရွှင်ရွှင် ပါဝင်သင်ယူရင်း အချိန်များအကျိုးရှိစွာ ကုန်ဆုံးသွားစေရန် မိဘ၊ အုပ်ထိန်းသူများနှင့် ရပ်ရွာအခြေပြု လူမှုအသိုက်အဝန်းများက ကူညီပံ့ပိုးပေးကြရန် အလေးအနက် တိုက်တွန်းပန်ကြားအပ်ပါသည်။

(ပုံ)

**ဒေါက်တာဇော်ဝေစိုး**


**ပြည်ထောင်စုဝန်ကြီး**

**ပညာရေးဝန်ကြီးဌာန**

**အမျိုးသားညီညွတ်ရေးအစိုးရ**

ပူးတွဲ- **အခြေခံပညာအဆင့် ကြားကာလ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ လမ်းညွှန်အကြံပြုချက်များ**

# အမျိုးသားညီညွတ်ရေးအစိုးရ
# ပညာရေးဝန်ကြီးဌာန
# အခြေခံပညာအဆင့် ကြားကာလ
# ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ လမ်းညွှန်အကြံပြုချက်များ



**အမျိုးသားညီညွတ်ရေးအစိုးရ**

**ပညာရေးဝန်ကြီးဌာန**

**အခြေခံပညာအဆင့် ကြားကာလ**

**ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ လမ်းညွှန်အကြံပြုချက်များ**

## ၁။ နိဒါန်း

ဤလမ်းညွှန်အကြံပြုချက်များသည် ယခုလက်ရှိ နိုင်ငံတော်အရေးပေါ်အခြေအနေတွင် အခြေခံပညာအဆင့် ကျောင်းသား၊ ကျောင်းသူများ၏ သင်ကြားသင်ယူရေးအတွက် ပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်နေကြသော မိဘအုပ်ထိန်းသူများနှင့် ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုကို စနစ်တကျနှင့် လွယ်ကူစွာ စစ်ဆေးအကဲဖြတ်နိုင်ရေး အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ လမ်းညွှန်အကြံပြု ထုတ်ပြန်ခြင်း ဖြစ်ပါသည်။

ပုံမှန်အားဖြင့် အခြေခံပညာကျောင်းများတွင် စစ်ဆေးအကဲဖြတ်ခြင်းကို အမျိုးသားပညာရည်စစ်ဆေးအကဲဖြတ်ခြင်းမူဝါဒ (National Assessment Policy - NAP) နှင့် အမျိုးသားပညာရည်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းလမ်းညွှန်ချက်များ (National Assessment Guidelines - NAG) အရ ဆရာ၊ ဆရာမများက အဓိက ဆောင်ရွက်ရပါသည်။ သို့သော် လက်ရှိနိုင်ငံတော်အရေးပေါ်ကာလအခြေအနေအတွင်း၌မူ ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူမှုလုပ်ငန်းနှင့် တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းအား ၎င်းတို့၏ အသက်အရွယ်နှင့် အတန်းတို့အပေါ် မူတည်ပြီး သင့်လျော်သောနည်းလမ်းအမျိုးမျိုးကို မိဘအုပ်ထိန်းသူများနှင့် ဆရာ၊ ဆရာမများက အသုံးပြု၍ ကူညီဆောင်ရွက်ပေးကြရမည် ဖြစ်ပါသည်။

## ၂။ ကြားကာလ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများကို အသိပေးတင်ပြခြင်း

ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းကို "သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း" (Formative Assessment) နှင့် "သင်ယူအပြီးစစ်ဆေးအကဲဖြတ်ခြင်း" (Summative Assessment) နည်းလမ်းနှစ်မျိုးဖြင့် ဆောင်ရွက်နိုင်ပါသည်။ သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများ သင်ယူနေစဉ်အတွင်း သင်ယူမှုတိုးတက်အောင် ပံ့ပိုးပေးရန် ရည်ရွယ်ပါသည်။ မိဘအုပ်ထိန်းသူများနှင့် ဆရာ၊ ဆရာမများအနေဖြင့် **ယခုနှစ်တွင် စနစ်သစ်သူငယ်တန်း (KG) မှ ဒသမတန်းအထိ ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူမှုကို "သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း (Formative Assessment)" ကို အဓိကထားအသုံးပြု၍ သင်ယူမှုများကို စဉ်ဆက်မပြတ် စစ်ဆေးအကဲဖြတ်၍ တိုးတက်ကောင်းမွန်အောင် ပံ့ပိုးပေးထားရန်** အလေးအနက် တိုက်တွန်းအပ်ပါသည်။

သင်ယူအပြီးစစ်ဆေးအကဲဖြတ်ခြင်းသည် သင်ကြားသင်ယူမှု မည်မျှပေါက်မြောက်သည်ကို ပြန်လည်ဆန်းစစ်ရန် ရည်ရွယ်ပါသည်။ **ယခုနှစ်သည် နိုင်ငံတော်အရေးပေါ်အခြေအနေကာလ ဖြစ်သဖြင့် သူငယ်တန်း (KG) မှ ဒသမတန်း (စနစ်သစ်) အထိ ကျောင်းသား၊ ကျောင်းသားများ အတွက် ကျောင်းအဆင့်၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်/ တိုင်းဒေသကြီးအဆင့် စာမေးပွဲများနှင့် နိုင်ငံတော်အဆင့် တက္ကသိုလ်ဝင်စာမေးပွဲများကို ယခုစာသင်နှစ်အတွက် ကျင်းပပေးသွားမည် မဟုတ်ပါ။ သို့သော် နိုင်ငံတော်အဆင့် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲများကို ကျင်းပပေးနိုင်သော အခြေအနေရောက်သည့် အချိန်ကာလတွင် တရားဝင်အသိအမှတ်ပြု ကျင်းပပေးသွားပါမည်။** ကြားကာလ ပညာရေးအခြေအနေနှင့် ဆီလျော်မည့် တက္ကသိုလ်ဝင်စာမေးပွဲအစီအစဉ်ကိုလည်း အများပြည်သူသို့ အသိပေးကြေညာခြင်း၊ အကြံဉာဏ်ရယူ၍ ပြင်ဆင်ခြင်းများကို မကြာမီကာလတွင် ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အနာဂတ်မြန်မာ့ပညာရေး ကို နိုင်ငံတကာအဆင့်မီစေရန်အတွက် ကို စနစ်တကျ ပြင်ဆင်စီစဉ် ဆောင်ရွက်လျက် ရှိပါသည်။ ကြားကာလအလွန် ပြည်သူ့အစိုးရ၏ ဖက်ဒရယ် ဒီမိုကရေစီ ပညာရေးယန္တရားစတင်ချိန်တွင် **ကလေးများ၏ အသက်အရွယ်၊ သင်ယူတတ်မြောက်မှု အတိုင်းအတာနှင့် အတန်းအဆင့်တက် သင်ယူနိုင်ရေးတို့ကို ဆောင်ရွက်သွားမည်** ဖြစ်ပါသည်။ **ကျောင်းသား၊ ကျောင်းသူအားလုံး၏ အတန်းအလိုက်၊ ဘာသာရပ်အလိုက် ကျွမ်းကျင်တတ်မြောက်မှုများ (Skills and Competencies) ကို ပြန်လည်ဆန်းစစ်အကဲဖြတ်၍ ထိုရလဒ်အပေါ်အခြေခံပြီး တက်ရောက်ရမည့် အတန်းအတွက် သင်ယူမှုအဆင်သင့်ဖြစ်စေရန်နှင့် သင်ယူတတ်မြောက်မှု အတိုင်းအတာအလိုက် အခွင့်အရေး ညီမျှစွာရရှိစေရန် လိုအပ်သည့် ပံ့ပိုးသင်ကြားမှုများ ဆောင်ရွက်ပေးသွားမည်** ဖြစ်ပါသည်။

ထို့ကြောင့် ယခုနိုင်ငံတော်အရေးပေါ်အခြေအနေ ကြားကာလအတွင်းတွင်မှ သူငယ်တန်း (KG) မှ ဒသမတန်း (စနစ်သစ်) အထိ ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူမှုကို မိဘအုပ်ထိန်းသူ များနှင့် ဆရာမများက စဉ်ဆက်မပြတ် ဆန်းစစ်အကဲဖြတ်၍ တိုးတက်ကောင်းမွန်အောင် ပံ့ပိုး ပေးသော "သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း"ကို အဓိကထား အသုံးပြုရန် တိုက်တွန်းပါသည်။ ထိုသို့ပံ့ပိုးပေးထားခြင်းဖြင့် နိုင်ငံတော်အရေးပေါ်အခြေအနေကာလအလွန် **ပြည်သူ့အစိုးရက ကျောင်းများကို တရားဝင်အသိအမှတ်ပြု လုံခြုံငြိမ်းချမ်းအန္တရာယ်ကင်းစွာ ပြန်လည်ဖွင့်လှစ်သည့် အချိန်တွင် ကျောင်းသား၊ ကျောင်းသူများအားလုံးအတွက် အသက်အရွယ်၊ သင်ယူတတ်မြောက်မှု အတိုင်းအတာနှင့် ကိုက်ညီသောအတန်းများတွင် အဆင်ပြေစွာ တက်ရောက်သင်ယူနိုင်ရန် စီစဉ် ဆောင်ရွက်သည့်အခါတွင် အထောက်အကူပြု အဆင်သင့်ဖြစ်နေစေမည်** ဖြစ်ပါသည်။

## ၂။ သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း၏ရည်ရွယ်ချက်နှင့် လမ်းညွှန်အကြံပြုချက်များ

ကြားကာလတွင် ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူမှုတိုးတက်ရေးအတွက် ၎င်းတို့တစ်ဦးစီ၏ သင်ယူမှုဆိုင်ရာ လိုအပ်ချက်များကို သိရှိပြီး အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးဆောင်ရွက်ပေးရန် ဖြစ်သည်။ သင်ယူစဉ်စစ်ဆေးအကဲဖြတ်ရာတွင် မိဘအုပ်ထိန်းသူများနှင့် ဆရာ၊ ဆရာမများသည် အောက်ပါအချက်များကို သတိထားရန် လိုအပ်သည် -

(၁) သင်ယူမှုရလဒ်များ၊ သင်ကြားသင်ယူမှုလုပ်ငန်းများနှင့် စစ်ဆေးအကဲဖြတ်ခြင်း တို့သည် တစ်ခုနှင့် တစ်ခု ချိတ်ဆက်နေရမည်။

(၂) ကျောင်းသား၏ အသက်အရွယ်၊ အတန်းတို့နှင့် သင့်လျော်မှု ရှိရမည်။

(၃) ကျောင်းသားများ၏ သင်ယူလိုမှုနှင့် သင်ယူမှုလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်လိုမှု တို့ကို လှုံ့ဆော်ပေးရမည်။

(၄) ဆန်းစစ်ဝေဖန်ခြင်း (<u>C</u>ritical Thinking)၊ ပူးပေါင်းဆောင်ရွက်ခြင်း (<u>C</u>ollaboration)၊ ဆက်သွယ်ဆွေးနွေးပြောဆိုခြင်း (<u>C</u>ommunication)၊ တီထွင်ဖန်တီးခြင်း (<u>C</u>reativity)၊ နိုင်ငံသားကောင်းစိတ်ဓါတ် (<u>C</u>itizenship) စသည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft skills) ကို ရရှိစေမည့် တက်ကြွသော သင်ယူမှုကို အားပေးရမည်။

(၅) ကျောင်းသားက မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်းနှင့် ကျောင်းသားအချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်နိုင်စေရန် အားပေးရမည်။

(၆) သင်ယူမှုတိုးတက်ကောင်းမွန်စေရေးအတွက် ထိရောက်သော/ အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက် (Feedback) များ ပေးနိုင်ရမည်။

(၇) သင်ယူစဉ် ကြုံတွေ့ရသောအမှားများကို သင်ယူမှုအတွက် အခွင့်အလမ်းများအဖြစ် အားပေးရမည်။

(၈) စစ်ဆေးအကဲဖြတ်ရလဒ်အပေါ် မူတည်၍ (လိုအပ်ပါက) ကုစားခြင်း သို့မဟုတ် ပြန်လည်လေ့ကျင့်ခြင်း (Revision) သို့မဟုတ် ထပ်ဆောင်းလေ့ကျင့်ခြင်း (Extension) တို့ကို စီစဉ်ဆောင်ရွက်ပေးရမည်။

## ၃။ သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများ

သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းတွင် အဓိကအားဖြင့် အောက်ပါလုပ်ငန်းများ ပါဝင်သည်-

(၁) သင်ယူမှုရလဒ်/ သင်ခန်းစာရည်ရွယ်ချက်(များ)နှင့် ကိုက်ညီပြီး ကျောင်းသားများကိုယ်တိုင်လက်တွေ့လုပ်ကိုင်ရသော သင်ယူမှုလုပ်ငန်းများပေးခြင်း၊

(၂) ကျောင်းသားများအား ၎င်းတို့သင်ယူထားသည့် အသိပညာ၊ နားလည်သဘောပေါက်မှုနှင့် ကျွမ်းကျင်မှုများကို ပေးထားသော လုပ်ငန်းတာဝန်များတွင် အသုံးချနိုင်စေခြင်း၊

(၃) ကျောင်းသားများက မိမိတို့၏ အလုပ်/ လုပ်ဆောင်မှုကို ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း၊

(၄) သင်ကြားသင်ယူမှုဖြစ်စဉ်အတွင်း သင်ကြားသူ မိဘအုပ်ထိန်းသူ သို့မဟုတ် ဆရာက ကျောင်းသားများ၏ သင်ယူမှုကို မသိမသာ ကြည့်ရှုလေ့လာခြင်း၊ မေးခွန်းများ မေးခြင်း၊ ဆွေးနွေးခြင်း၊

(၅) မသိမသာ ကြည့်ရှုလေ့လာခြင်း၊ မေးခွန်းများမေးခြင်း၊ ဆွေးနွေးခြင်းတို့မှ ရရှိသော ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုနှင့် ပတ်သက်သည့် အချက်အလက်များကို စနစ်တကျ မှတ်တမ်းထားခြင်း၊

## ၄။ စစ်ဆေးအကဲဖြတ်မှတ်တမ်းထားခြင်း

နေအိမ်တွင် လေ့လာသင်ယူရာတွင် သင်ယူမှုရလဒ်/ သင်ခန်းစာ၏ရည်ရွယ်ချက်(များ)အရ ကလေး၏ သင်ယူတတ်မြောက်မှု အခြေအနေများကို သင်ယူနေစဉ် (ကလေးကို မသိမသာ ကြည့်ရှုလေ့လာခြင်း၊ မေးခွန်းများ မေးခြင်းတို့ဖြင့်) အလွယ်တကူ စစ်ဆေးအကဲဖြတ်၍ မှတ်တမ်းထားရန် လိုအပ်ပါသည်။ ထို့ကြောင့် ကလေးတစ်ဦးချင်းစီ၏ သင်ယူတတ်မြောက်မှုကို စစ်ဆေးအကဲခတ်နိုင်ရန် **ဇယား (၁)** ပါ “သင်ခန်းစာအလိုက် သင်ယူစဉ်စစ်ဆေးအကဲဖြတ် မှတ်တမ်းနမူနာပုံစံ” နှင့် စာသင်နှစ်တစ်နှစ်စာအတွက် စစ်ဆေးအကဲဖြတ်မှု အနှစ်ချုပ်မှတ်တမ်းထားရှိလိုပါက **ဇယား (၂)** ပါ “ဘာသာရပ်အလိုက် စစ်ဆေးအကဲဖြတ်မှတ်တမ်းချုပ်” နမူနာပုံစံကို အသုံးပြုနိုင်ပါသည်။

နေအိမ်တွင် ကလေးတစ်ဦးတည်း သင်ယူခြင်းမျိုး မဟုတ်ဘဲ ရပ်ရွာထဲရှိ ဘေးကင်းလုံခြုံသည့် နေရာတစ်ခုတွင် ကလေးများစု၍ အတူတကွသင်ယူသော အခြေအနေမျိုးလည်း ဖြစ်နိုင်ပါသည်။ ယင်းအခြေအနေမျိုးတွင် မိဘအုပ်ထိန်းသူ/ ဆရာသည် **ဇယား (၃)** နှင့် **ဇယား (၄)** ပါ နမူနာပုံစံများကို အသုံးပြုနိုင်ပါသည်။

**ဇယား (၁) ကြားကာလ (__________) စာသင်နှစ်၊ သင်ခန်းစာအလိုက်**

**သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှတ်တမ်း နမူနာပုံစံ**

| | | | | | |
|---|---|---|---|---|---|
| ကလေးအမည် | | ပြည့်ပြီးအသက် | | အတန်း | |
| သင်ယူသည့်ဘာသာရပ် | | သင်ခန်းစာခေါင်းစဉ် | | | |
| သင်ယူသည့်နေ့စွဲ | | မှတ်တမ်းရေးသူအမည် | | | |

**သင်ခန်းစာသင်ယူပြီးနောက် အောက်ပါမေးခွန်းများကို ကလေးကိုမေးမြန်းပြီး ဖြည့်စွက်ပေးပါ။**

- အမှတ်စဉ်(၁) မှ အမှတ်စဉ်(၅) အထိ မေးခွန်းများကို ကလေးကိုယ်တိုင် ရေးစေနိုင်ပါသည်။
- အမှတ်စဉ်(၆)၊ (၇) ကို မိဘအုပ်ထိန်းသူ/ ဆရာကသာ ဖြည့်စွက်ပါ။

| စဉ် | မေးခွန်း | အဖြေ / မှတ်တမ်း |
|---|---|---|
| ၁ | ▪ သင်ခန်းစာက လွယ်သလား/ ခက်သလား။<br>▪ သင်ခန်းစာကို သဘောကျသလား။<br>▪ ဘာကြောင့်လဲ။ | |
| ၂ | ▪ ဒီသင်ခန်းစာကနေ ဘာတွေ သိသွားသလဲ/ ဘာတွေကို သင်ယူလိုက်ရလဲ။<br>(ပြန်ရှင်းပြကြည့်ပါ။) | |
| ၃ | ▪ ဒီနေ့သင်ယူရာမှာဘယ်လိုအခက်အခဲတွေရှိသလဲ။<br>▪ ဘယ်လိုဖြေရှင်းခဲ့သလဲ။ | |
| ၄ | ▪ မဖြေရှင်းနိုင်ဘဲ ကျန်သေးတဲ့အခက်အခဲတွေက ဘာတွေလဲ။ | |
| ၅ | ဒီသင်ခန်းစာကနေ ဘာတွေထပ်သိချင်သေးလဲ။ | |
| ၆ | သင်ခန်းစာ၏ရည်ရွယ်ချက်များကို ကလေး၏နားလည်တတ်မြောက်မှု အခြေအနေ/အဆင့်ကို ရေးပါ။ (သင်ခန်းစာ၏ရည်ရွယ်ချက်များကို NUG MoE Online Platforms များတွင် နမူနာပုံစံများကို အသေးစိတ် ထပ်မံဖော်ပြပါမည်။)<br>A (Advance - အလွန်ကောင်း) ၊ S (Satisfactory - ကောင်း) ၊<br>E (Emerging - ထပ်မံပံ့ပိုးရန်လို) ➡ | |
| ၇ | **မှတ်ချက် (ကလေးက A သို့မဟုတ် E ရလျှင် အကြောင်းပြချက် ရေးမှတ်ထားပါ။<br>ဥပမာ- ဤသင်ခန်းစာတွင် ကလေး၏သင်ယူနိုင်ခဲ့မှုများ၊ ထပ်မံဖြည့်စွက်သင်ကြားပေးရန် လိုအပ်နေသေးသည့်အချက်များ စသည်ဖြင့်)** | |

## ဗဟား (၂) ကြားကာလ (__________) စာသင်နှစ်၊ ဘာသာရပ်အလိုက်

## ပညာရည်စစ်ဆေးအကဲဖြတ်မှတ်တမ်းချုပ် နမူနာပုံစံ

| ကလေးအမည် | | ပြည့်ပြီးအသက် | | အတန်း | |
|---|---|---|---|---|---|
| သင်ယူသည့်ဘာသာရပ် | | မှတ်တမ်းရေးသူအမည် | | | |

**သင်ယူမှုရလဒ်/ သင်ခန်းစာ၏ရည်ရွယ်ချက်များအရ ကလေး၏နားလည်တတ်မြောက်မှုအခြေအနေကို A (Advance - အလွန်ကောင်း) ၊ S (Satisfactory - ကောင်း) ၊ E (Emerging - ထပ်မံပံ့ပိုးရန်လို) ဖော်ပြချက်နှင့် ကိုက်ညီသည့် တစ်ကွက်တွင်သာ ✓ အမှန်ခြစ်၍ မှတ်တမ်းထားပါ။**

| စဉ် | သင်ခန်းစာခေါင်းစဉ် / သင်ယူသည့်နေ့စွဲ | သင်ခန်းစာ၏ရည်ရွယ်ချက်များ (အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာန၏ Online Platforms များတွင် နမူနာပုံစံများကို အသေးစိတ် ထပ်မံဖော်ပြပါမည်။) | သင်ယူတတ်မြောက်မှု အခြေအနေ/အဆင့် A | S | E |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

မှတ်ချက်- A (Advance) - အလွန်ကောင်း၊ S (Satisfactory) - ကောင်း၊ E (Emerging)- ထပ်မံပံ့ပိုးရန်လို

စယား (၃) ကြားကာလ (________) စာသင်နှစ်၊ သင်ခန်းစာအလိုက်

သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှတ်တမ်း နမူနာပုံစံ

အတန်း- Grade – 1 သင်ယူသည့်ဘာသာရပ် - English

သင်ခန်းစာ - Unit 1/ Lesson 1- What's your name? My name is ……….

မှတ်တမ်းရေးသူအမည် ____________________ နေ့စွဲ ____________

| စဉ် | ကျောင်းသားအမည် | ကျောင်းသားများ၏ သင်ယူတတ်မြောက်နိုင်မှု အခြေအနေ | တတ်မြောက်မှုအဆင့် | | | တိုးတက်မှုရှိရန်လိုအပ်ချက်များ |
|---|---|---|---|---|---|---|
| | | | A | S | E | |
| ၁။ | မခိုင်မေသန့် | What's your name? My name is …… ကို မေး/ဖြေနိုင်ရုံသာမက သင်ပြီး dialogue များ "Hello", "Nice to meet you" ကိုပါ အသုံးပြု၍ မေး/ဖြေနိုင်သည်။ | ✓ | | | Pronunciation (အသံထွက်) မှန်ကန်ရန် |
| ၂။ | မောင်ကျော်လင်းအောင် | What's your name? My name is …… ကို မေး/ဖြေနိုင်သည်။ | | ✓ | | သင်ပြီးသင်ခန်းစာများကိုပါ အသုံးပြု၍ မေး/ဖြေနိုင်ရန် |
| ၃။ | မောင်ရှင်းသန့် | What's your name? My name is …… ကို မေး/ဖြေနိုင်သည်။ | | ✓ | | သင်ပြီးသင်ခန်းစာများကိုပါ အသုံးပြု၍ မေး/ဖြေနိုင်ရန် |
| ၄။ | မဆုရတီ | What's your name? My name is …… ကို ဆရာ/သူငယ်ချင်းများ အကူအညီဖြင့် မေး/ဖြေနိုင်သည်။ | | | ✓ | What's your name? My name is ……….. ကို မှန်ကန်စွာ မေး/ဖြေနိုင်ရန် |
| ၅။ | မောင်နေလင်း | What's your name? My name is …… ကို ဆရာ/ သူငယ်ချင်းများ အကူအညီဖြင့် မေး/ဖြေနိုင်သည်။ | | | ✓ | What's your name? My name is ……….. ကို မှန်ကန်စွာ မေး/ဖြေနိုင်ရန် |

မှတ်ချက် (၁)- A (Advance) - အလွန်ကောင်း၊ S (Satisfactory) - ကောင်း၊ E (Emerging) - ထပ်မံပံ့ပိုးရန်လို

မှတ်ချက် (၂)- မှတ်တမ်းရေးသွင်းခြင်းသည် အချိန်ယူလွန်းပြီး ဝန်ထုပ်ဝန်ပိုးကြီးဖြစ်လာပါက မိဘ/ အုပ်ထိန်းသူနှင့် ဆရာများသည် "S (Satisfactory) - ကောင်း" အဆင့်တွင်ရှိသည့် ကျောင်းသားအများစု၏ အမည်များကို ရေးရန် မလိုပါ။ ဦးရေကိုသာ ဖော်ပြနိုင်သည်။

## ဇယား (၄) ကြားကာလ (__________) စာသင်နှစ်၊ ဘာသာရပ်အလိုက်
## ပညာရည်စစ်ဆေးအကဲဖြတ်မှတ်တမ်းချုပ် နမူနာပုံစံ

အတန်း __________ ဘာသာရပ် ____________ မှတ်တမ်းရေးသူအမည် ______________ နေ့စွဲ __________

| စဉ် | သင်ယူမှု အကြောင်းအရာ | သင်ယူမှုရလဒ် | ကျောင်းသားအမည် | | | | |
|---|---|---|---|---|---|---|---|
| | | | မခိုင်မေသန့် | မောင်ကျော်လင်းအောင် | မောင်ရှင်းသန့် | မဆုရတီ | မောင်နေလင်း |
| ၁ | သင်ခန်းစာ - ၁ | | A | S | S | E | E |
| ၂ | သင်ခန်းစာ - ၂ | | | | | | |
| ၃ | သင်ခန်းစာ - ၃ | | | | | | |
| ၄ | သင်ခန်းစာ - ၄ | | | | | | |
| ၅ | **အခန်း (၁) အခန်းဆုံး စစ်ဆေးအကဲဖြတ်ခြင်း (End-of-Chapter/ Unit Assessment)** | | | | | | |
| ၆ | သင်ခန်းစာ - ၅ | | | | | | |
| ၇ | သင်ခန်းစာ - ၆ | | | | | | |
| ၈ | သင်ခန်းစာ - ၇ | | | | | | |
| ၉ | သင်ခန်းစာ - ၈ | | | | | | |
| ၁၀ | **အခန်း (၂) အခန်းဆုံး စစ်ဆေးအကဲဖြတ်ခြင်း (End-of-Chapter/ Unit Assessment)** | | | | | | |

မှတ်ချက် (၁)- A (Advance) - အလွန်ကောင်း၊ S (Satisfactory) - ကောင်း၊ E (Emerging)- ထပ်မံပံ့ပိုးရန်လို

မှတ်ချက် (၂)- မှတ်တမ်းရေးသွင်းခြင်းသည် အချိန်ယူလွန်းပြီး ဝန်ထုပ်ဝန်ပိုးကြီးဖြစ်လာပါက မိဘအုပ်ထိန်းသူနှင့် ဆရာများသည် သင်ခန်းစာ (Lesson) တစ်ခုပြီးတစ်ခု အသေးစိတ်မှတ်တမ်း ရေးသွင်းမည့်အစား သင်ခန်းစာအခန်းဆုံး စစ်ဆေးအကဲဖြတ်ရလဒ်ကိုသာ ရေးသွင်းနိုင်သည်။

## ၅။ သင်ယူအပြီးစစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ တတ်မြောက်မှုကို သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းဖြင့် တိုင်းတာနိုင်သကဲ့သို့ သင်ခန်းစာတစ်ခု (သို့မဟုတ်) သင်ခန်းစာအခန်းတစ်ခန်း ပြီးဆုံးသည့်အခါတွင်လည်းကောင်း၊ စာသင်နှစ်တစ်ဝက် (သို့မဟုတ်) စာသင်နှစ်တစ်နှစ် ပြီးဆုံးသည့်အခါတွင်လည်းကောင်း သင်ယူအပြီး စစ်ဆေးအကဲဖြတ်ခြင်းကို အသုံးပြု၍ စစ်ဆေးတိုင်းတာနိုင်သည်။ သင်ယူအပြီး စစ်ဆေးအကဲဖြတ်မှုများသည် ဘာသာရပ်၏ သဘောသဘာဝအရ ရေးဖြေ (သို့မဟုတ်) လက်တွေ့လုပ်ဆောင်မှု (သို့မဟုတ်) နှစ်ရပ်စလုံး ဖြစ်နိုင်သည်။

ရေးဖြေစစ်ဆေးခြင်းတွင် အောက်ပါမေးခွန်း အမျိုးအစား တစ်မျိုး (သို့မဟုတ်) ထို့ထက်ပို၍ အသုံးပြုနိုင်သည်-

(၁) မှား/ မှန် မေးခွန်းများ သို့မဟုတ် မှား/ မှန်ရောထွေး အမှန်ရွေးမေးခွန်းများ စသည့် ဓမ္မဓိဋ္ဌာန် မေးခွန်းများ

(၂) ပေးထားသော လုပ်ငန်း သို့မဟုတ် မေးခွန်းကို ကျောင်းသားက တိုတိုနှင့်လိုရင်းသာ ဖြေဆိုရသော စာပိုဒ်တို (short paragraph) မေးခွန်းများ

(၃) ကျောင်းသားက မိမိတို့၏ အသိပညာ၊ ဗဟုသုတဖြင့် သုံးသပ်ဝေဖန်၍ ချဲ့ထွင်ဖြေဆိုရသော (extended response) မေးခွန်းများ

သင်ယူအပြီးစစ်ဆေးအကဲဖြတ်မှုများကို (စစ်ဆေးနိုင်သောအခြေအနေရှိပါက) သင်ရိုးညွှန်းတမ်းပါ သင်ယူမှုရလဒ်များအပေါ်အခြေခံ၍ အထက်ပါ မေးခွန်းအမျိုးအစားများဖြင့် မေးခွန်းလွှာများတည်ဆောက်၍ လည်းကောင်း၊ လက်တွေ့လုပ်ငန်းများပေး၍ လည်းကောင်း၊ ရေးဖြေနှင့် လက်တွေ့လုပ်ငန်းပေါင်းစပ်၍လည်းကောင်း ကျောင်းသားတစ်ဦးချင်းစီ၏ တတ်မြောက်မှုများကို စစ်ဆေးပြီး **ဇယား (၅)** တွင် ဖော်ပြထားသည့်အတိုင်း **A/ S/ E** တတ်မြောက်မှုအဆင့် အဖြစ် ပြောင်းလဲ၍ **ဇယား (၂)** နှင့် **ဇယား (၄)** ပါ ပညာရည်စစ်ဆေးအကဲဖြတ် မှတ်တမ်းချုပ်၌ ဖြည့်သွင်းနိုင်ပါသည်။

| ရမှတ် (%) | တတ်မြောက်မှု အဆင့် | ရှင်းလင်းဖော်ပြချက် "ကျောင်းသားသည်" |
|---|---|---|
| ၇၅-၁၀၀ | **အလွန်ကောင်း (A)** | ဤအဆင့်တွင်<br>• သင်ခန်းစာ/ သင်ရိုးညွှန်းတမ်းပါ အရေးကြီးသော အသိပညာ၊ သဘောတရားများနှင့် ကျွမ်းကျင်မှုများကို ကောင်းစွာနားလည် သဘောပေါက်သည့်အပြင် တီထွင်ဖန်တီး၍ လက်တွေ့အသုံးချ နိုင်သည်။<br>• နောက်ထပ် ဆက်စပ်သော သင်ခန်းစာတစ်ခု၊ နောက်စာသင် နှစ်တစ်ခုတွင် ကောင်းစွာ သင်ယူနိုင်ရန် အဆင်သင့် ဖြစ်သည်။ |
| ၄၀-၇၄ | **ကောင်း (S)** | ဤအဆင့်တွင်<br>• သင်ခန်းစာ/ သင်ရိုးညွှန်းတမ်းပါ အရေးကြီးသော အသိပညာ၊ သဘောတရားများနှင့် ကျွမ်းကျင်မှုများကို ကောင်းစွာ နားလည် သဘောပေါက်သည်။<br>• သို့သော် ၎င်းတို့ကို ပိုမိုနက်နဲရှုပ်ထွေးသည့် အခြေအနေများ တွင် တီထွင်ဖန်တီး၍ လက်တွေ့အသုံးချရာတွင် အခက်အခဲ အချို့ ရှိနိုင်သည်။<br>• နောက်ထပ်ဆက်စပ်သော သင်ခန်းစာတစ်ခု (သို့မဟုတ်) နောက်စာသင်နှစ်တစ်ခုတွင် သင်ယူနိုင်ရန် အဆင်သင့် ဖြစ်သည်။ |
| ၀-၃၉ | **ထပ်မံပံ့ပိုးရန် (E)** | ဤအဆင့်တွင်<br>• သင်ခန်းစာ/ သင်ရိုးညွှန်းတမ်းပါ အရေးကြီးသော အသိပညာ၊ သဘောတရားများနှင့် ကျွမ်းကျင်မှုများကို နားလည် သဘောပေါက်မှု အားနည်းသည်။<br>• နောက်ထပ် ဆက်စပ်သော သင်ခန်းစာတစ်ခု၊ နောက်စာသင် နှစ်တစ်ခုတွင် သင်ယူနိုင်ရန် အခက်အခဲအချို့ ရှိနိုင်သည့် အတွက် စနစ်တကျ ကြိုတင်ပံ့ပိုးပေးရန် လိုအပ်သည်။ |

## ၆။ နိဂုံး

ယခုလက်ရှိ နိုင်ငံတော်အရေးပေါ်အခြေအနေတွင် အခြေခံပညာအဆင့် ကျောင်းသား၊ ကျောင်းသူများ၏ သင်ကြားသင်ယူရေးအတွက် သင်ကြားပေးသူများ၊ မိဘအုပ်ထိန်းသူများနှင့် ဆရာများသည် **သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း (Formative Assessment)** ကို စဉ်ဆက်မပြတ် ဦးစားပေး အသုံးပြု၍ ကျောင်းသားများ၏ သင်ယူမှုတိုးတက်အောင် ကူညီပံ့ပိုးပေးရန် အလေးအနက် တိုက်တွန်းလိုပါသည်။ ထိုကဲ့သို့ သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းကို အသုံးပြု၍ ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုကို ပံ့ပိုးပေးနိုင်မည့် နမူနာနည်းလမ်း အမျိုးမျိုးကိုလည်း **Blue mark** အမှတ်အသားပါရှိသည့် **Ministry of Education, National Unity Government of Myanmar** နှင့် **Myanmar Basic Education Home** (Facebook Page, YouTube, Viber, Telegram, Moodle Platform, Website) များတွင် စဉ်ဆက်မပြတ် ဆက်လက်ထုတ်ပြန် အကြံပြုပေးသွားမည့်အပြင် အင်တာနက်မရရှိသောဒေသများသို့လည်း ပညာရေးအစီအစဉ်များ ရောက်ရှိနိုင်ရေးအတွက် ဆက်လက်စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။